# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လူမှုအသိုင်းအဝိုင်း လုပ်ပိုင်ခွင့်ပေးအပ်မှု အဆင့်မြှင့်တင်ခြင်း (ACE)

## လျှောက်ထားလွှာ တောင်းခံခြင်း (RFA):

## ရင်းနှီးမြှုပ်နှံမှု ထောက်ပံ့ရန်ပုံငွေ ပေးအပ်ခြင်း : စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်များ ခိုင်မာအားကောင်းစေရန် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

**ရည်ညွှန်းအမှတ်**: ACE-P4795-19-002

**ထုတ်ဝေသည့် ရက်စွဲ**: စက်တင်ဘာ ၂၄၊ ၂၀၁၉

**မေးခွန်းများအတွက် ရက်သတ်မှတ်ချက်**: (အောက်တိုဘာ ၁၅၊ ၂၀၁၉)

**မေးခွန်းများ တုံ့ပြန်ရန်**: မေးခွန်းများအားလုံးကို လက်ခံရရှိပြီး တစ်ပတ်အတွင်း ပြန်လည်ဖြေကြားပါမည်။ တုံ့ပြန်မှုများကို စာရွက်စာတမ်းတစ်ခုတွင် စုပေါင်း၍ လျှောက်ထားသူအားလုံးကို ပို့ပေးပါမည်။ မေးခွန်းများ၏ နောက်ဆုံးအသုတ်ကို အောက်တိုဘာ ၂၂၊ ၂၀၁၉ တွင် ဖြေကြားပါမည်။

**ပိတ်သိမ်းမည့်ရက်**: (နိုဝင်ဘာ ၅၊ ၂၀၁၉)

**မေးခွန်းများနှင့် လျှောက်လွှာများကို အီးမေးမှ တဆင့်** myanmargrants@pactworld.org **သို့ပို့ရန်**

### 1. ရည်ရွယ်ချက် ဖော်ပြချက်

ACEမှ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ **လယ်သမားများ၏ ထုတ်လုပ်မှုတိုးတက်ရန်နှင့် ဈေးကွက်လက်လှမ်းမီရန်** ပြုလုပ်ပေးမည့် စီမံချက်များကို ထောက်ပံ့ပေးမည့် ထောက်ပံ့ရန်ပုံငွေများ ပေးအပ်ရန် အတွက် ရှာဖွေနေပါသည်။ USAID ထောက်ပံ့ရန်ပုံငွေအမှတ် AID-482-A-17-00001 အောက်မှ ထောက်ပံ့ငွေ ပေးအပ်နိုင်ခွင့်နှင့် အညီ ACE စီမံချက်အတွက် **ပုဂ္ဂလိကကဏ္ဍကုမ္ပဏီမိတ်ဖက်များ**ကို သတ်မှတ်နိုင်ရန် ဤလျှောက်ထားမှု တောင်းခံခြင်း(RFA)ကို ကြေငြာရသည့်အတွက် Pact အနေဖြင့် ဝမ်းမြောက်မိပါသည်။

ယခု ထောက်ပံ့ရန်ပုံငွေလျှောက်ထားမှု တောင်းခံခြင်း ( RFA) သည် **ပြိုင်ဆိုင်မှု မြင့်မားသည့် လုပ်ငန်းစဉ်** တစ်ခု ဖြစ်ပြီး အကျိုးအကြောင်းသင့်တင့်သည့် ရသုံးမှန်းခြေ အသေးစိတ်ဖော်ပြရှင်းလင်းမှုတို့ကို ထည့်သွင်းစဉ်းစားပြီး **ACEမှ များပြားသော ပမာဏဖြစ်သည့် အမေရိကန် ဒေါ်လာ ၂၀၀,၀၀၀/-ထိ ထောက်ပံ့ရန်ပုံငွေများ ပေးအပ်နိုင်ရန် မျှော်မှန်းထားပါသည်။** ယခု RFA အတွက် စုစုပေါင်း ငွေကြေးထောက်ပံ့မည့် ခန့်မှန်း ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၀၀,၀၀၀/- ဖြစ်သော်လည်း ACE မှ စာချုပ်ချုပ်ဆိုမှု လုံးဝမပြုလုပ်နိုင်ခွင့်ကိုလည်း ရှိပါသည်။ ဤ RFA ၏ ရည်ရွယ်ချက်အတွက် "ကုမ္ပဏီ" ဆိုသည်မှာ ပုဂ္ဂလိကပိုင်ဖြစ်၍ မြန်မာနိုင်ငံတွင် အကျိုးအမြတ်အတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းကို ရည်ညွှန်းပါသည်။ ဤ RFA ကို စိတ်ဝင်စားသော၊ အရည်အချင်းပြည့်မီ၍ အကျုံးဝင်သော အဖွဲ့အစည်းများအားလုံး အခွင့်အလမ်းမျှတစွာ ရရှိ၍

ငွေကြေးထောက်ပံ့မှု လျော့ကျထားနိုင်မှုများ လျော့ကျထားသေချာနိုင်စေရန် အများပြည်သူ ကြေငြာချက်တစ်ရပ်အနေဖြင့် ထုတ်ပြန်ပါသည်။

## 2. ACE စီမံချက်၏ နောက်ခံအကြောင်းအရာ

**မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လူမှုအသိုင်းအဝိုင်း လုပ်ပိုင်ခွင့်ပေးအပ်မှု အဆင့်မြှင့်တင်ခြင်း (ACE)** ကို အမေရိကန်အစိုးရ နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ(USAID)/Burma မှ ထောက်ပံ့ပြီး: ထိခိုက်နစ်နာလွယ်မှုကို လျော့ချခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် လူထုပါဝင်မှုကို မြှင့်တင်ခြင်းနှင့် ဒေသဆိုင်ရာအစိုးရ၏ ပိုမို တုံ့ပြန်မှုနှင့် တာဝန်ခံမှုကို ခိုင်မာ အားကောင်းစေခြင်းတို့ဖြင့် စွမ်းအားမြှင့်တင်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရန် ရည်ရွယ်ပါသည်။ ACE ကို Pact မှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး Community Partners International, Mercy Corps နှင့် Save the Children တို့နှင့် မိတ်ဖက် ဆောင်ရွက်ပါသည်။ လူထုဖွံ့ဖြိုးမှုဦးစားပေးရေးကို ဆောင်ရွက်ရန် ဤ စီမံချက်မှ ကျယ်ပြန့်သော ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးအပ်သူများနှင့်လည်း တွဲဖက်ဆောင်ရွက်ပါသည်။

ACE သည် ဒေသဆိုင်ရာ ထိတွေ့မှုနှင့်ခေါင်းဆောင်မှုတို့ကို မြှင့်တင်ရန် ဝန်ဆောင်မှုပေးအပ်ခြင်း ချဉ်းကပ်မှုကို အသုံးပြုပြီး ဒေသဆိုင်ရာ ဦးစားပေးလိုအပ်ချက်များကို ရရှိရန် လူထုနှင့် ဝန်ဆောင်မှုပေးအပ်သူများအကြား ဆက်သွယ်မှုများ ဖန်တီးပေးပါသည်။ ဤစီမံချက်သည် လူငယ်များနှင့် အမျိုးသမီးများကို ခေါင်းဆောင်မှုကဏ္ဍ ရယူနိုင်ရန် လည်း မြှင့်တင်ဆောင်ရွက်ပေးပါသည်။ ACE မှ ရည်မှန်းချက် သုံးခုရရှိရန် ရည်ရွယ်ပါသည် :

- လူထုကို ထိခိုက်နစ်နာလွယ်မှု လျော့ချရန်
- လူထု ပါဝင်လာမှုကို အားပေးထောက်ပံ့ရန်
- ဒေသဆိုင်ရာအစိုးရစနစ် ခိုင်မာ အားကောင်းလာစေခြင်း

## 3. ပထဝီဝင် ဧရိယာ

ACE မှ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းကို ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ တနင်္သာရီမြောက်ပိုင်းနှင့် ပဲခူးအရှေ့ပိုင်းဟူ၍ သတ်မှတ်ပါသည်။
မိတ်ဖက်အဖွဲ့များ၏ လုပ်ဆောင်မှုများ မှတဆင့်, ACE သည် အောက်ပါ မြို့နယ်များတွင် ယခုခေါ်ယူသော ထောက်ပံ့ရန်ပံ့ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးတည်ထားပါသည်။
ဒီမောဆို, ဖရူဆို, ဖားဆောင်းမြို့နယ်များ (ကယားပြည်နယ်); ဖယ်ခုံမြို့နယ် (ရှမ်းပြည်နယ်တောင်ပိုင်း); လှိုင်းဘွဲ့, ကြာအင်းဆိပ်ကြီးနှင့် သံတောင်ကြီး မြို့နယ်များ (ကရင်ပြည်နယ်)နှင့် သံဖြူဇရပ်မြို့နယ် (မွန်ပြည်နယ်)
ဤစီမံချက်မှ ၎င်းနေရာများတွင် လုပ်ဆောင်နေသော အခြား ACE လုပ်ဆောင်မှုများနှင့် ပူးပေါင်းလုပ်ဆောင်၍ အပြန်အလှန်အကျိုးကျေးဇူးရရှိနိုင်စေရန်နှင့် ဖယ်ကျဉ်ခံထားရပြီး ဝန်ဆောင်မှုနည်းပါးစွာ ရရှိသော လူထုအသိုင်းအဝိုင်းများကို ရောက်ရှိနိုင်သော အထောက်အကူပြုရန် အားထုတ်သည့် အဆိုပြုစီမံချက်များကို ဖိတ်ခေါ်ပါသည်။ ACE သည် ထပ်မံဖြည့်စွက်၍ သို့မဟုတ် ပထဝီဝင်အရ နီးကပ်နေသော လျော့ကျထားမှုမှ ရည်ရွယ်သည့် အိမ်နီးချင်းမြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

## 4. အစီအစဉ် ရှင်းလင်းဖော်ပြချက်

ACE သည် ရွေးချယ်ထားသော တန်ဖိုးကွင်းဆက်သုံးခုတွင် ပါဝင်ဆောင်ရွက်ဖြေရှင်းရန် ပုဂ္ဂလိကကဏ္ဍဆောင်ရွက်သူများကို ရှာဖွေနေပါသည် : ဟင်းသီးဟင်းရွက်၊ ပြောင်းဖူးနှင့် နှမ်း။ ACE ၏ ထောက်ပံ့မှုသည် လယ်ပိုင်ဆိုင်မှုနည်းပါးသော လယ်သမားများအတွက် စျေးကွက် ကန့်သတ်ချက်များကို စနစ်တကျ ဖြေရှင်းဆောင်ရွက်သူနှင့် ရွေးချယ်ထားသော တန်ဖိုးကွင်းဆက်မှ အခြားလုပ်ဆောင်သူများ၏ လုပ်ဆောင်မှုများကို ထောက်ပံ့ရန်ပံ့ငွေပေးအပ်ခြင်းများ ပြုလုပ်ပါမည်။ ယခုထောက်ပံ့ဂုန်ပံ့ငွေသည် ဖြေရှင်းရမည့် ဧရိယာနှစ်ခုတွင် ရင်းနှီးမြှပ်နှံရန် ရည်ရွယ်ပါသည် : လယ်သမားများ၏ ထုတ်လုပ်မှုတိုးတက်မြှင့်တင်စေခြင်းနှင့် စျေးကွက်လက်လှမ်းမီမှု တိုးတက်စေခြင်း။
ACE မှ လုပ်ငန်း၏ ရေရှည်တည်တံ့မှုကို အထူးအလေးအနက်ထားသည့် စီမံချက်များကို ထောက်ပံ့သွားပါမည်။

**ကျေးဇူးပြု၍ မှတ်သားရန်မှာ လျှောက်ထားသူသည် ဖြေရှင်းရမည့် ဧရိယာနှစ်ခုလုံးကို ထောက်ပံ့ရန်၊ ဖြေရှင်းရမည့် ဧရိယာတစ်ခုတည်းတွင်သာ ထောက်ပံ့ရန် သို့မဟုတ် တန်ဖိုးကွင်းဆက်ရှိ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဖြေရှင်းရမည့် ဧရိယာ၏ တစိတ်တပိုင်းကိုထောက်ပံ့ရန် လျှောက်ထားနိုင်ပါသည်။**

### *ဖြေရှင်းရမည့် ဧရိယာ ၁: လယ်သမားများ၏ ထုတ်လုပ်မှု တိုးတက်မြှင့်တင်ခြင်း*

ACE သည် လယ်ပိုင်ဆိုင်မှုနည်းပါးသော လယ်သမားများကို တိုးတက်သစ်လွင်သော အလေ့အထများ၊ နည်းပညာများနှင့် ထည့်ဝင်မှုများကို အသိမြှင့်တင်ပေးသည့် ဝန်ဆောင်မှုပေးနိုင်သူ မိတ်ဖက်များကို ရှာဖွေနေပါသည်(လျှောက်ထားသူမှ လယ်ပိုင်ဆိုင်မှုနည်းပါးသည့် လယ်သမားများကို မည်ကဲ့သို့ သတ်မှတ်၍ ရည်ရွယ်သွားမည်ဆိုသည့် ရှင်းလင်းဖော်ပြချက် ထည့်သွင်းသင့်ပါသည်။)။ အဆိုပြု ဖြေရှင်းဆောင်ရွက်ချက်သည် လယ်သမားများ၏ ထုတ်လုပ်မှုနှင့် ဝင်ငွေကို တိုးတက်စေရန် ဦးတည်ပြီး ၎င်းသည် အလေ့အထအသစ်များ၊ စျေးကွက်တောင်းဆိုမှုကို အခြေခံ၍ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုတွင် တိုးတက်သော ထည့်ဝင်မှုအသစ်များနှင့် ရိတ်သိမ်းပြီးနည်းပညာများ အသုံးချမှု နည်းပညာများကို သင်ကြားပေးသော ပညာရပ်ဆိုင်ရာသင်တန်းများ လုပ်ဆောင်ပေးသည့် ပုံစံဖြစ်သင့်ပါသည်။ သင်တန်းများသည် သရုပ်ပြကွက်များကဲ့သို့ သဘောတရားနှင့် လက်တွေ့သင်ကြားမှုများ ပါနိုင်သမျှ ပါဝင်သော ပုံစံဖြစ်သင့်ပါသည်။

ဤဖြေရှင်းဆောင်ရွက်မှုဧရိယာသည် ကြွေးမြီ သို့မဟုတ် ထုတ်လုပ်မှု၊ စျေးနှုန်းမတည်ငြိမ်မှုနှင့် အခြား စျေးကွက်အတက်အကျများကို အာမခံနိုင်သည့် လယ်အာမခံစနစ် အပေါ်တွင် လက်လှမ်းမီမှုတိုးတက်စေရန် အဓိကအာရုံပြုကမ်းလှမ်းခြင်းကဲ့သို့သော လယ်ပိုင်ဆိုင်မှုနည်းပါးသည့် လယ်သမားများ[1]၊

[1] ACE သည် အသေးစားချေးငွေလုပ်ငန်းများ(MFIများ) ကို ဤစနစ်မှ ထောက်ပံ့ရန် မရည်ရွယ်ပါ။

အမျိုးသမီးလယ်သမားများ သို့မဟုတ် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ အတွက် လက်လှမ်းမီစေရန် အဆင်ပြေချောမွေ့စေခြင်းတို့လည်း ပါဝင်နိုင်ပါသည်။

## *ဖြေရှင်းဆောင်ရွက်မည့် ဧရိယာ ၂: ဈေးကွက်လက်လှမ်းမီမှု တိုးတက်စေခြင်း*

ACE သည် ရွေးချယ်ထားသော တန်ဖိုးကွင်းဆက်များတွင် လယ်ပိုင်ဆိုင်မှုနည်းပါးသော လယ်သမားများ၏ ပါဝင်နိုင်မှုကို မြှင့်တင်ပေးမည့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်များကို ရှာဖွေနေပါသည်။ လျှောက်ထားသူများသည် လယ်သမားများနှင့် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများသာမက ဝယ်သူ/ကုမ္ပဏီ/လုပ်ဆောင်သည့်အဖွဲ့အစည်းများ အကျိုးရှိနိုင်မည့် စီးပွားရေးပုံစံကို ပုံစံချနိုင်ရန် မျှော်လင့်ထားပါသည်။ လွှမ်းခြုံပါဝင်နိုင်သည့် စီးပွားရေးပုံစံသည် လယ်ပိုင်ဆိုင်မှုနည်းပါးသော လယ်သမားများကို ကြွေးမြီစနစ်၊ တိုးတက်သော နည်းပညာနှင့် အလေ့အထများ၊ တိုးတက်သော ထုတ်လုပ်မှုများနှင့် ရိတ်သိမ်းပြီး ကိုင်တွယ်ဆောင်ရွက်မှု၊ သယ်ယူပို့ဆောင်ရေး ကွင်းဆက်စီမံခန့်ခွဲမှုတို့အတွက် ထည့်ဝင်မှုတို့ကို လက်လှမ်းမီစေသည့် ထည့်ဝင်မှုများကို လက်လှမ်းမီစေသည့် အခွင့်အလမ်းများကို အသစ်ဖန်တီးခြင်း သို့မဟုတ် တိုးချဲ့သည့် စိုက်ပျိုးမှုစီးပွားရေးလုပ်ငန်း တန်ဖိုးကွင်းဆက်တွင် ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ပြီး ဈေးနှုန်း မတည်ငြိမ်မှုအန္တရာယ်ကို လျှော့ချရန်နှင့် ဈေးကွက်လက်လှမ်းမီမှု တိုးတက်စေရန်ဖြစ်သည်။ စာချုပ်လယ်လုပ်ခြင်းစနစ်သည်လည်း ပါဝင်လွှမ်းခြုံမှုစီးပွားရေးပုံစံအဖြစ် ထည့်သွင်းစဉ်းစားပါသည်။

## *ပညာရပ်ဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ထောက်ပံ့မှု*

ACE သည် သင့်လျော်သည့်နေရာတွင် ပညာရပ်ဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်ဖွံ့ဖြိုးမှု ချဉ်းကပ်သည့် ပုဂ္ဂလိကကဏ္ဍမိတ်ဖက်များကို ထိတွေ့ဆက်ဆံရန် ရည်ရွယ်ပါသည်။ ဥပမာအားဖြင့် ACE စီမံချက်၏ ပဋိပက္ခကို သတိပြုနားလည်မှုအပေါ်နှင့် ကျားမရေးရာ မျှတမှုကို အားထုတ်ဆောင်ရွက်ချက်အရ ACE သည် ပဋိပက္ခကို သတိပြုနားလည်၍ ပါဝင်လွှမ်းခြုံနိုင်မှု စီးပွားရေးအလေ့အထများကို မည်ကဲ့သို့ ပိုမိုဆောင်ရွက်မည်ဆိုသည့် ဆုချီးမြှင့်ခံရသူများနှင့် အလုပ်လုပ်ရန် စီမံကိန်းရေးဆွဲထားပါသည်။ ထပ်မံ၍ ကျားမရေးရာနှင့် အသက်ပိုင်းခြား၍ ကောက်ယူထားသော အချက်အလက်များကို အသုံးပြုပြီး မတူကွဲပြားသည့် အုပ်စုများကို စီမံချက်များမှ မည်ကဲ့သို့ သက်ရောက်မှုရှိသည်ကို ချဉ်းကပ်သည့် ထိခိုက်ခံစားလွယ်သည့် အုပ်စုများပါဝင်နိုင်မှုကို မြှင့်တင်ရန် လုပ်ပိုင်ခွင့်အာဏာသတ်မှတ်ထားသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး အစီအမံများအတွက် ပညာရပ်ဆိုင်ရာ ထောက်ပံ့မှုများလည်း ပါဝင်ပါသည်။ ပညာရပ်ဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ထောက်ပံ့မှုများအတွက် နယ်ပယ်များကို ဆွေးနွေးညှိနှိုင်းသည့်အဆင့်တွင် ဖော်ထုတ်သတ်မှတ်သွားပါမည်။

## 5. ထောက်ပံ့ရန်ပုံငွေလက်ခံရရှိသူတွင်ရှိရမည့် သတ်မှတ်ချက်များ

ထောက်ပံ့ရန်ပုံငွေ လက်ခံရယူရန် အနည်းဆုံး စံသတ်မှတ်ချက်များအတွက် လျှောက်ထားသူများသည် ပြည့်စုံ၊ မှန်ကန်တိကျသော သတင်းအချက်အလက်များကို ပေးအပ်ရမည်ဖြစ်ပြီး အောက်ပါအခြေအနေများနှင့် လည်း ပြည့်စုံရမည်။ ယခု ထောက်ပံ့ရန်ပုံငွေ လျှောက်ထားလိုသည့် အဖွဲ့အစည်းသည် :

- ၎င်းတို့၏ နိုင်ငံနှင့် အကောင်အထည်ဖော်လုပ်ဆောင်မည့်နိုင်ငံ(မြန်မာ)တွင် စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ရန် တရားဝင် အကောင်အထည်ဖော် လုပ်ဆောင်ပိုင်ခွင့် ခွင့်ပြုချက် ရရှိထားရမည်။
- ထိရောက်မှုရှိသော ဘဏ္ဍာရေးစာရင်းစနစ် ကျင့်သုံးမှု နှင့် ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများ အသုံးပြုမှုကို ဖော်ထုတ်ပြနိုင်ရမည်ဖြစ်ပြီး စီမံချက်မှ ဘဏ္ဍာရေးဖော်ပြချက်များ၊ ရှင်းတမ်းများ ပေးပို့ပေးရန် တောင်းဆိုလျှင် ပေးပို့ရန် ဆန္ဒရှိရမည်။
- လိုအပ်သော အသုံးစရိတ်ထည့်ဝင်မှုများ ပြုလုပ်နိုင်ရမည်;
- အဆိုပြုထားသော အချိန်ကန့်သတ်ချက် ကာလအတွင်း စီမံချက်ကို ပြီးစီးနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။
- အရည်အသွေးပြည့်မီသော စီမံချက်အောင်မြင်မှုများနှင့် ပဋိပက္ခကို သတိပြုနားလည်မှုရှိကြောင်း သေချာမှုတို့ဖြင့် ACE အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် ပြင်းပြသော စိတ်ပါဝင်စားမှု၊ အပြောင်းအလဲကို လက်ခံကြိုဆိုနိုင်ခြင်း၊ ဦးဆောင်နိုင်ခြင်းတို့ကို ဖော်ထုတ်ပြနိုင်ရမည်။
- ပဏာမဆောင်ရွက်ချက်သည် အောင်မြင်မှုတစ်ခုဖြစ်သည် သို့မဟုတ် ၎င်းကို တိုးတက်အောင် မည်သို့ ပြုလုပ်ရမည်ကို သုံးသပ်ခြင်းနှင့် စဉ်းစားခြင်းပြုလုပ်ရန် ပြင်းပြသော စိတ်ပါဝင်စားမှု ရှိရမည်။
- ထောက်ပံ့ရန်ပုံငွေကို လက်ခံရန်အတွက် DUNS နံပတ်(အမေရိကန်အစိုးနှင့် ဝယ်ယူမှုဆိုင်ရာလုပ်ဆောင်မှုများအားလုံးအတွက် လိုအပ်သော ဂဏန်းကိုးလုံးပါဝင်သည့် သတ်မှတ်ချက်နံပတ်) ရယူရမည် ။ DUNS သည် ထောက်ပံ့ရန်ပုံငွေ လျှောက်ထားဆဲ အဆင့်တွင် မလိုအပ်ပါ။ သို့သော် ထောက်ပံ့ဂုန်ပုံငွေ လက်ခံရရှိသည့်အချိန်တွင် လိုအပ်ပါသည်။ DUNS နံပါတ်သည် အွန်လိုင်းမှ အခမဲ့ရယူနိုင်ပြီး ၄င်းနံပါတ် လျှောက်ထားဖြစ်စဉ်အဆင့်ဆင့်ကို Pact မှ လမ်းညွှန် ကူညီနိုင်ပါသည်။

*မြန်မာဌာနဆိုင်ရာ အစိုးရ သို့မဟုတ် မြန်မာအစိုးရ အစုအဖွဲ့များနှင့် ဆက်နွယ်သူများသည် လျှောက်ထားရန် အကျုံးမဝင်ပါ။*

### *လိုလားသော အရည်အချင်းသတ်မှတ်ချက်များ*

- လယ်ပိုင်ဆိုင်မှုနည်းပါးသည့် လယ်သမားများအတွက် ရည်ရွယ်ထားသည့် လယ်ယာများတွင် ပညာရပ်ဆိုင်ရာ တိုးချဲ့ဝန်ဆောင်မှုပေးနေသည့် အတွေ့အကြုံ (လယ်ယာတွင် ထုတ်လုပ်မှုသင်တန်း၊ ပိုးမွှားနှင့် ရောဂါစီမံခန့်ခွဲခြင်း၊ ပိုးမွှားနှင့် ရောဂါ စီမံခန့်ခွဲမှုပေါင်းစပ်ခြင်း၊ ရေစီမံခန့်ခွဲမှု၊ မြေနှင့် မြေဩဇာ စီမံခန့်ခွဲမှု၊ ဘေးကင်းသော ပိုးသတ်ဆေးအသုံးပြုမှုနှင့် အကာအကွယ်ပစ္စည်းများ အသုံးပြုမှုနှင့် ရိတ်သိမ်းပြီး ကိုင်တွယ်မှုအလေ့အထများနှင့် ပတ်သတ်သည့်သင်တန်းများ ပါဝင်ပါသည်)

- လယ်ပိုင်ဆိုင်မှုနည်းပါးသည် လယ်သမားများကို ဝန်ဆောင်မှုတိုးချဲ့ခြင်း၊ ပေးသွင်းထည့်ဝင်မှု၊ မြေပြုပြင်စိုက်ပျိုးမှု အကြံဉာဏ်နှင့် ကြွေးမြီထည့်ဝင်မှု ဝန်ဆောင်မှုတို့ ပေးအပ်နိုင်မည့် အဖွဲ့အစည်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် စီမံခန့်ခွဲမှု စွမ်းဆောင်နိုင်ရည်
- အထူးသဖြင့် ပဋိပက္ခဖြစ်ပွားရာပတ်ဝန်းကျင်တွင် စိုက်ပျိုးရေး ထုတ်ကုန်များအတွက် ထောက်ပံ့ရေးဆိုင်ခွဲစီမံခန့်ခွဲမှု အတွေ့အကြုံ။
- စီမံချက်မှတဆင့် ထောက်ပံ့ပေးထားသော လယ်သမားများ၏ ထုတ်ကုန်များကို ဝယ်ယူရန် ပြင်းပြသော လုပ်ဆောင်အားထုတ်မှုကို ဖော်ထုတ်ပြသခြင်း
- ပြည်တွင်းသော်လည်းကောင်း နိုင်ငံတကာနှင့်သော်လည်းကောင်း ခိုင်မာသော ဈေးကွက်ချိတ်ဆက်မှုရှိခြင်း
- နိုင်ငံတကာကုမ္ပဏီများအတွက် အလားတူစီမံချက်များ မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသည့် ခိုင်မာသည့် အထောက်အထား၊ အရှေ့တောင်ပိုင်းဒေသတွင်လုပ်ကိုင်နေသည်ကို ပိုမိုလိုလား။
- ကျားမနှင့် အသက်ပိုင်းခြားကောက်ခံသည့် အချက်အလက်များကို အသုံးပြုမှုပါဝင်သည့် စီမံချက်လုပ်ဆောင်မှုများကို စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ချဉ်းကပ်သည့် အတွေ့အကြုံ
- လယ်ပိုင်ဆိုင်မှုနည်းပါးသည့် လယ်သမားများနှင့် ၎င်းတို့၏ ဒေသဆိုင်ရာ အသက်မွေးဝမ်းကြောင်းမှုနှင့် ဈေးကွက်လက်လှမ်းမီမှုလိုအပ်ချက်များကို သတ်မှတ်ခြင်း၊ ရည်ရွယ်ပစ်မှတ်ထားခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းများကို ဖော်ထုတ်ပြသနိုင်သည့် လုပ်ငန်းစဉ်

## 6. ရသုံးမှန်းခြေငွေစာရင်း

Pact သည် ဤထောက်ပံ့ရန်ပုံငွေပံ့ပိုးမှုများကို ပံ့ပိုးရာတွင် စရိတ်ပြန်ပေး ထောက်ပံ့ငွေ သို့မဟုတ် ပုံသေပမာဏ ထောက်ပံ့ငွေ စသော ထောက်ပံ့ရန်ပုံငွေအမျိုးအစား ၂ မျိုးဖြင့် ထောက်ပံ့ပေးရန် မျှော်လင့်ထားပါသည်။ ထောက်ပံ့မှုပုံစံသည် မိတ်ဖက်အဖွဲ့၏ အစီအစဉ်ရှင်းလင်းဖော်ပြချက်နှင့် Pact မှ ထောက်ပံ့ရန်ပုံငွေ ထုတ်ပေးရန်ပြုလုပ်မည့် ချီးမြှင့်မှုအကြို ဖြစ်နိုင်ချေ အန္တရာယ် သုံးသပ်ချက်၏ ရလဒ်အပေါ်တွင် အခြေခံမည်ဖြစ်သည်။ ထောက်ပံ့ငွေရရှိနိုင်မှုမှာ Pact သည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ အထိတိုင်အောင် ဤ RFA ဖြစ်စဉ်ကို ထောက်ပံ့ရန် လျာထားပါသည်။ ထောက်ပံ့ရန်ပုံငွေ တစ်ခုစီတွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ထိ ရှိသော ထောက်ပံ့ကာလ ၁၈ လသက်တမ်းရှိသော ထောက်ပံ့ရန်ပုံငွေများ ထောက်ပံ့ရန် Pact မှ မျှော်မှန်းထားပါသည်။ ညှိနှိုင်းမှုများကို အောင်မြင်သော လျှောက်ထားသူများနှင့်သာ ပြုလုပ်သွားပါမည်။ Pact သည် လျှောက်ထားမှုများမှ တစ်ခု သို့မဟုတ် မည်သူ့ကိုမျှ ပေးအပ်ခြင်း ပြုလုပ်မည် မပြုလုပ်မည်ဆိုသည့် အခွင့်ရှိပါသည်။

## 7. ကုန်ကျစရိတ် ထည့်ဝင်မှု

လျှောက်ထားသူများသည် စီမံချက် အကောင်အထည်ဖော်ရန်အတွက် ၎င်းတို့၏ ကိုယ်ပိုင်အရင်းအမြစ်များကို ထည့်ဝင်ရန်လိုအပ်ပါသည်။ ထည့်ဝင်မှုသည် ၎င်းတို့၏ အရင်းအမြစ်များဖြစ်ကြသော ပစ္စည်း သို့မဟုတ် ငွေသားများ ဖြစ်နိုင်ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများသည် စုစုပေါင်း အဆိုပြုကုန်ကျစရိတ်၏ ၄၀-၅၀% ကို မျှဝေရန် မျှော်လင့်ထားပါသည်။ ကုန်ကျစရိတ် ထည့်ဝင်မှုသည် ဝန်ထမ်း၊ သယ်ယူပို့ဆောင်ရေး၊ ထည့်ဝင်မှု၊

ကုန်စည်၊ စာရွက်စာတမ်းပြုလုပ်ခြင်း၊ ရုံးခန်းငှားခြင်း၊ ပေးသွင်းသူသရုပ်ပြလုပ်ဆောင်မှုများ၊ လုပ်ဆောင်မှုများကို ကြီးကြပ်ခြင်းနှင့် အခြား လုပ်ငန်းကုန်ကျစရိတ်များကဲ့သို့သော မြှင့်လုပ်ဆောင်မှု ကုန်ကျစရိတ်များ ပါဝင်နိုင်ပါသည်။

ထည့်ဝင်မှုသည် ငွေသား သို့မဟုတ် ငွေသားမဟုတ်သည့် ပစ္စည်း ဖြစ်နိုင်ပြီး လျှောက်ထားသူ၊ ဒေသဆိုင်ရာ ဆက်စပ်နေသည့် အဖွဲ့အစည်းများ၊ အစိုးအစဉ်၏ ဖောက်သည်နှင့် အခြား လှူဒါန်းသူများ(အခြား အမေရိကန်အစိုးရ ငွေကြေးထောက်ပံ့မှုအရင်းအမြစ်များ မဖြစ်ရပါ) ထည့်ဝင်မှု ဖြစ်နိုင်ပါသည်။ ဤကဲ့သို့သော ထည့်ဝင်မှုအမျိုးအစားကို ကုန်ကျစရိတ် မျှဝေခြင်းဟု ခေါ်ပါသည်။ ထောက်ပံ့ရန်ပံ့ငွေပေးအပ်မှုကို ထည့်သွင်းရာတွင် ကုန်ကျစရိတ်မျှဝေမှုသည် 2 CFR 200.306 တွင်တွေ့ရှိနိုင်သော ကုန်ကျစရိတ်မျှဝေမှုကို ပြည့်စုံစွာစစ်ဆေးသည့် အထောက်အကူပြုစာရွက်စာတမ်းများ ပေးပို့ရန်လိုအပ်သည့် စည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည်။

## 8. လျှောက်ထားမှု လုပ်ငန်းစဉ်

***အထွေထွေ စုံစမ်းမေးမြန်းမှုများနှင့် မေးခွန်းများ ပေးပို့ခြင်း:*** ကျေးဇူးပြု၍ ဤ RFAအကြောင်း၊ RFA နှင့်ပတ်သက်သော မေးခွန်းများကို myanmargrant@pactworld.org ပေးပို့နိုင်ပြီး email ပေးပို့ရာတွင် email ၏ Subject ခေါင်းစီးတွင် "*Questions မေးလိုသည့်မေးခွန်း-name of organization submitting application လျှောက်ထားသည့် အဖွဲ့အစည်းအမည် - Investment Grants လျှောက်ထားလိုသည့် ထောက်ပံ့ရန်ပံ့ငွေအမည်.*" ဟု ထည့်သွင်းပြီး ပေးပို့မေးမြန်းနိုင်ပါသည်။

***လျှောက်ထားခြင်း လုပ်ငန်းစဉ်:*** ဤသည်မှာ ယှဉ်ပြိုင်နိုင်မှု သုံးသပ်ချက် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပြီး၊ ထောက်ပံ့ရန်ပံ့ငွေပေးအပ်မှုကို အကန့်အသတ်ဖြင့်သာ ပေးအပ်သွားမည်ဖြစ်ပါသည်။ ဤ RFA မှ ရရှိနိုင်မည့် အရင်းအမြစ်ပမာဏမှာ လျှောက်ထားမှု လက်ခံရရှိမှုနှင့် ရရှိနိုင်သော ငွေကြေးထောက်ပံ့မှုပေါ်တွင် မူတည်ပါသည်။

***အဆင့် ၁၊ လျှောက်လွှာ ပေးပို့ခြင်း:*** စိတ်ဝင်စားသော လျှောက်ထားသူများသည် လျှောက်ထားမှုများကို ကုမ္ပဏီခေါင်းစီးပါ လျှောက်လွှာများနှင့် ပေးပို့လျှောက်ထားရမည်။ အင်္ဂလိပ်ဘာသာနှင့် လျှောက်ထားမည်ဆိုလျှင် Calibri Font နှင့် စာလုံးအရွယ်အစား ၁၁၊ အများဆုံး ၁၀ မျက်နှာ ထိ ရှိမည်ဖြစ်ပြီး သို့မဟုတ် လျှောက်လွှာသည် Zawgyi font နှင့် ရေးသားလျှောက်ထားမည်ဆိုပါက စာလုံးအရွယ်အစား ၁၁၊ အများဆုံး ၁၄ မျက်နှာ ဖြစ်သင့်ပါသည်။ လျှောက်ထားပေးပို့ရမည့် ပုံစံမှာ Microsoft Word သို့မဟုတ် Adobe PDF ဖြစ်သင့်ပါသည်။ ဤ RFA နှင့် ပူးတွဲပါဝင်သော လျှောက်လွှာများကို: http://www.themimu.info/calls-for-proposals. ဒေါင်းလုပ် ရယူနိုင်ပါသည်။ လျှောက်လွှာများကို myanmargrant@pactworld.org သို့ email ဖြင့်လျှောက်ထားနိုင်ပြီး ခေါင်းစီးတွင် " လျှောက်ထားသည့် ကုမ္ပဏီနာမည် - Investment Grants " ထားရှိပြီး လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာတွင် (၁) ပြည့်စုံသော လျှောက်လွှာ အကျဉ်းချုပ်ပုံစံနှင့် နောက်ဆက်တွဲများ (လျှောက်လွှာပုံစံကို ကြည့်ပါ) နှင့် (၂) ပြီးခဲ့သော၊ ဆက်စပ်သည့်အလုပ်များ(၁၀ မျက်နှာ ကန့်သတ်ချက်တွင် မရေတွက်ပါ) တို့ပါဝင်ရမည်။

ပဏာမ သုံးသပ်ချက်သည် ဆက်လက်စဉ်းစားရန် ညွှန်ပြနေပါက ရွေးချယ်ခံရသော ကုမ္ပဏီကို လျှောက်လွှာ အပြီးသတ်ရန် ဖိတ်ခေါ်ခံရပါမည်။ လျှောက်လွှာလက်ခံရရှိပြီးပါက Pact မှ ရှင်းလင်းစွာသိရှိနိုင်ရန် မေးခွန်းများ မေးမြန်းခြင်းနှင့် ဆွေးနွေးမှုများပြုလုပ်ခြင်းကို မည်သည့် လျှောက်ထားသူနှင့်မဆို ပြုလုပ်ခွင့်ရှိပါသည်။ လျှောက်ထားသူတစ်ဦးနှင့် ဤကဲ့သို့ ပြုလုပ်ခြင်းသည် လျှောက်ထားသူအားလုံးနှင့် ပြုလုပ်ရမည်ဟု တာဝန်မရှိပါ။ ရွေးချယ်မှုလုပ်ငန်းစဉ်သည် RFA ရက်သတ်မှတ်ချက်မှ သုံးလအတွင်း ပြီးစီးမည်ဟု မျှော်လင့်ပါသည်။

***အဆင့် ၂၊ လျှောက်လွှာ သုံးသပ်မှု:*** လျှောက်ထားမှုအားလုံးကို ၎င်းတို့၏ ပညာရပ်ဆိုင်ရာကောင်းမွန်မှုအတွက် အကြောင်းအရာနှင့် စီမံချက် စီမံခန့်ခွဲမှုကျွမ်းကျင်သူများပါဝင်သည့် ဆုံးဖြတ်သည့်အစုအဖွဲ့မှ သုံးသပ်သွားပါမည်။ ကဏ္ဍ ၉ တွင် ဖော်ပြထားသည့် စံများအပေါ် အခြေခံ၍ ဆုံးဖြတ်သည့်အစုအဖွဲ့မှ ဆုညှိနှိုင်းခြင်းနှင့် အဆုံးသတ်ခြင်းသို့ ဆက်လက်လုပ်ဆောင်ရန် ရည်ညွှန်းပေးပါမည်။ ဆုံးဖြတ်သည့်အစုအဖွဲ့မှ အဆိုပြုစီမံချက်ကို ပြန်လှန်စစ်ဆေးရန်နှင့် ထပ်ပေါင်းရန် အကြံပြုကောင်း ပြုနိုင်ပါသည်။

***အဆင့် ၃၊ ဆုမချီးမြှင့်မီ နှင့် ညှိနှိုင်းခြင်း:*** ဆုံးဖြတ်သည့်အစုအဖွဲ့သည် ငွေကြေးထောက်ပံ့ရန် လျှောက်လွှာတစ်ခုကို ရွေးချယ်ခဲ့ပါက ၎င်းသည် နောက်ဆုံးအတည်ပြုမှုနှင့် ဆုညှိနှိုင်းခြင်းသို့ ဆက်လက်လုပ်ဆောင်ပါမည်။ ဤအဆင့်တွင် Pact ဝန်ထမ်းများသည် အဖွဲ့အစည်း၏ ဖြစ်နိုင်ချေ အန္တရာယ်ဆန်းစစ်ခြင်းနှင့် အထူးအခြေအနေ တစ်ခုခုကို ဆုံးဖြတ်ခြင်း သို့မဟုတ် အန္တရာယ်လျှော့ချရန် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ကို ပြုလုပ်ပါမည်။ Pact သည် အစီအစဉ် ရှင်းလင်းဖော်ပြချက်၊ ရသုံးမှန်းခြေငွေစာရင်း၊ ရည်မှန်းသူများနှင့် အလုပ်စီမံကိန်းတို့ကို ကောင်းမွန်စွာ ညှိနှိုင်း၍ ဆုချီးမြှင့်မှုကို အဆုံးသတ်ရန်နှင့် ငွေကြေးပေးအပ်သူ၏ အတည်ပြုချက်ရယူရန် အဆုံးသတ်မှုလုပ်ပါမည်။

***အဆင့် ၄၊ စာချုပ်*** Pact သည် လိုအပ်သော အတည်ပြုချက်နှင့် ဆုချီးမြှင့်မှုမတိုင်မီနှင့် ညှိနှိုင်းမှုအဆင့်တို့ အောင်မြင်စွာ ပြီးစီးလျှင် ဆုချီးမြှင့်ကို ပြုလုပ်ပါမည်။

## 9. လျှောက်ထားမှုကို အကဲဖြတ်ခြင်း

***သုံးသပ်ခြင်း လုပ်ငန်းစဉ်:*** ဆုံးဖြတ်သည့်အစုအဖွဲ့တစ်ခုကို Pact၊ Mercy Corps၊ USAID တို့ ကိုယ်စားပြုပါဝင်၍ ဖွဲ့စည်းပါမည်။ သုံးသပ်သူအားလုံးသည် အကျိုးစီးပွားချင်း ဆက်စပ်မှု မဖြစ်ပေါ်စေရန် စိစစ်ပါမည်။ သုံးသပ်ခြင်းသည် ဆုံးဖြတ်သည့်အစုအဖွဲ့မှ လျှောက်ထားမှုကို အဆင့်သတ်မှတ်ရန်နှင့် ACE စီမံခန့်ခွဲမှုသို့ လမ်းညွှန်ရန် အသုံးပြုမည့် စံကို အသုံးပြုပါမည်။

***အကဲဖြတ်စံ:*** လျှောက်ထားမှုများသည် အောက်ပါ အကဲဖြတ် စံများပေါ်တွင် အခြေခံ၍ အဆင့်သတ်မှတ်ပါမည်။ အောက်ပါ စံတစ်ခုချင်းစီအပေါ်တွင် တုံ့ပြန်မှုကို ဆန်းစစ်ပါမည်။

(A) **RFA တွင် ဖော်ပြထားသော ဖြေရှင်းဆောင်ရွက်ရမည့် နယ်ပယ်များနှင့် ကိုက်ညီမှု (25%)**
- သတ်မှတ်ထားသော တန်ဖိုးကွင်းဆက်မှ ကွာဟချက်များကို ဖြေရှင်းဖော်ထုတ်သည့် အဆိုပြုစီမံချက်၏ ပုံစံ

(B) **လယ်ပိုင်ဆိုင်မှုနည်းပါးသော လယ်သမားများကို စီမံချက်မှ မည်ကဲ့သို့ ချဉ်းကပ်ရောက်ရှိနိုင်မှုကို ရှင်းလင်းပြသနိုင်မှု (25%)**
- အဆိုပြုစီးပွားရေးပုံစံ၏ ပါဝင်လွှမ်းခြုံနိုင်မှု အနိမ့်အမြင့်
- ဒေသဆိုင်ရာ အခြေအနေများနှင့် စီမံချက်မှ မည်သို့ ကိုက်ညီအောင် ပြုလုပ်မည်ကို နားလည်မှုနှင့် ရှင်းလင်းပြနိုင်မှု
- လယ်ပိုင်ဆိုင်မှုနည်းပါးသည့် လယ်သမားများအတွက် ကန့်သတ်ချက်များကို ဖြေရှင်းဖော်ထုတ်ပေးမည့် စီမံချက်ပုံစံ

(C) **အဆိုပြု စီမံချက်၏ ခံယူမှုကို ယခင်က လုပ်ဆောင်နိုင်မှု (20%)**
- မြန်မာနိုင်ငံအရှေ့တောင်ပိုင်း သို့မဟုတ် အခြား နှိုင်းယှဉ်နိုင်သော ဒေသများတွင် လုပ်ကိုင်ခဲ့ဖူးသော အတွေ့အကြုံ
- အဆိုပြုထားသော ဖြေရှင်းဆောင်ရွက်ရမည့် နယ်ပယ်နှင့် တန်ဖိုးကွင်းဆက်တို့နှင့် ပတ်သတ်သည့် အတွေ့အကြုံ

(D) **ငွေကြေးအတွက် တန်ဖိုးနှင့် အဆိုပြုသည့် ကုန်ကျစားရိတ်ထည့်ဝင်မှု (15%)**
- ကျယ်ပြန့်မှုနှင့် အဆင့်အတန်း သက်ရောက်မှုတို့၏ မျှတမှု
- ထိရောက်သည့် စီမံချက်ပုံစံအတွက် စွမ်းဆောင်နိုင်သော အရင်းအမြစ်အသုံးပြုမှု

(E) **စီးပွားရေးပုံစံ ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်းသော ချဉ်းကပ်မှု (15%)**
- ချိတ်ဆက်ထားသည့် ထွက်ခွာမှုဗျူဟာ
- ဒေသတွင်း ဈေးကွက်လုပ်ဆောင်သူများကို နားလည်ကြောင်း ရှင်းလင်းဖော်ပြမှု

*အကဲဖြတ် မှုဘောင်:* ဆုံးဖြတ်မည့်အစုအဖွဲ့သည် အောက်ပါ မှုဘောင်တို့အတိုင်း လျှောက်ထားမှုအားလုံးကို အကဲဖြတ်ပါမည်။

ရမှတ် အတိုင်းအတာ:

| | | |
|---|---|---|
| 10 | အကောင်းဆုံး | အများပါဝင်မှု၊ ပြည့်စုံမှုနှင့် ထူးခြားသော ကောင်းမွန်မှု၊ အဆိုပြုစီမံချက်သည် ထိရောက်၍ အကျိုးရှိသော လုပ်ဆောင်မှုဖြစ်ကြောင်း ရှင်းလင်းဖော်ပြနိုင်မှုတို့ကို မျှော်လင့်သည်ထက် ကျော်လွန်သည်။ ချို့ယွင်းမှု မရှိ။ |
| 8 | အလွန်ကောင်း | ခြုံငုံပြည့်စုံမှုကို ရှင်းလင်းဖော်ပြနိုင်ခြင်း၊ အနိမ့်ဆုံးလိုအပ်ချက်များ ပြည့်စုံခြင်း၊ အချို့ဧရိယာများတွင် လိုအပ်ချက်များထက် ကျော်လွန်သော်လည်း နေရာတိုင်းတွင်မဟုတ်။ အားနည်းချက်အချို့ တွေ့ရှိရသော်လည်း လျှောက်ထားသူသည် ၎င်းကို အချိန်မီ၊ အကျိုးရှိစွာနှင့် စီးပွားရေးတွက်ခြေကိုက်စွာ ပေးအပ်နိုင်ကြောင်း ရှင်းလင်းဖော်ပြနိုင်သည်။ |
| 6 | လက်ခံနိုင်သည်/ပျမ်းမျှ | လိုအပ်ချက်များ ပြည့်မီ။ လျှောက်ထားသူသည် အချို့ ဧရိယာများတွင် အလုပ်ပြည့်ဝစွာလုပ်နိုင်သည်ကို ရှင်းလင်းဖော်ပြနိုင်သော်လည်း အချို့ အားနည်းချက်များ သို့မဟုတ် ချို့ယွင်းချက်များ ရှိနေသည်။ မည်သို့ပင်ဖြစ်စေ ၎င်းအားနည်းချက် သို့မဟုတ် ချို့ယွင်းချက်များ၏ ပေါင်းစပ်မှုသည် စီမံခန့်ခွဲနိုင်သော စွမ်းဆောင်မှု အန္တရာယ်သာ ဖြစ်သည်။ |
| 4 | အနားသတ်မျဉ်းအနီး | အခြေခံလိုအပ်ချက်များကို အနိမ့်ဆုံးပြည့်စုံ သို့မဟုတ် လိုအပ်ချက်များကို အကန့်အသတ်ဖြင့်သာ နားလည်ကြောင်း ရှင်းလင်းဖော်ပြ။ အဆိုပြုစီမံချက်ကို အကောင်အထည်ဖော်ရာတွင် ကျေနပ်ဖွယ်ရာမရှိသော စွမ်းဆောင်မှုကို ဦးတည်။ စွမ်းဆောင်မှုကို အနှုတ်သဘောထိခိုက်နိုင်သည့် ချို့ယွင်းချက်နှင့် အားနည်းချက်များပါဝင်။ |
| 2 | ညံ့ဖျင်း | အဓိက အချက်များ ဖော်ပြရန် ပျက်ကွက်ခြင်း အပါအဝင် ချို့ယွင်းချက်အများအပြားရှိ၊ လိုအပ်သော လုပ်ဆောင်မှုကို ပြုလုပ်ရန် အလုပ်ကို နားလည်ရန် ပျက်ကွက် သို့မဟုတ် လိုအပ်ချက်များ ဖြည့်စည်းရန် ကျိုးကြောင်းသင့်သည့် ချဉ်းကပ်မှုကို |

| | | |
|---|---|---|
| | | ပြုလုပ်ရန် ပျက်ကွက်။ စွမ်းဆောင်မှုအွန္တရာယ် မြင့်မား။ |
| 0 | တုံ့ပြန်ဆောင်ရွက်မှု မရှိ | စံများ၏ အစိတ်အပိုင်းအားလုံးကို ရှင်းလင်းဖော်ပြရန် ပျက်ကွက်။ လိုအပ်သောအလုပ်ကို လုပ်ဆောင်ရန် အလုပ်ကို နားလည်မှုမရှိ၊ တောင်းဆိုမှု၏ လိုအပ်ချက်ကို ပြည့်စုံရန် ပျက်ကွက်။ |

## 10. သတ်မှတ်ချက်များနှင့် အခြေအနေများ

***စံပြု ပြဋ္ဌာန်းချက်များ :*** ဤပေးအပ်ထောက်ပံ့မှုအတွက် အမေရိကန်နိုင်ငံမှ မဟုတ်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအတွက် စံပြု ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ပါသည်။ လျှောက်ထားသူများသည် ပြဋ္ဌာန်းချက်များကို https://www.usaid.gov/sites/default/files/documents/1868/303mab.pdf တွင် တွေ့ရှိနိုင်ပါသည်။ တောင်းခံလျှင် ဤပြဋ္ဌာန်းချက်များ၏ ပုံနှိပ်မှုကို ပေးအပ်နိုင်ပါသည်။

***အသုံးပြုခြင်းနှင့် ဖော်ပြခြင်းအတွက် ခွင့်ပြုချက်:*** ဤ RFA သို့ လျှောက်ထားသည့်အတွက် လျှောက်ထားသူ၏ စာရွက်စာတမ်းများသည် သုံးသပ်သူများ၏ ရွေးချယ်မှု လုပ်ငန်းစဉ်များအတွက် ဖော်ထုတ်ပြသသည်ဟု သဘောတူသည်။ ကျေးဇူးပြု၍ မှတ်သားစေလိုသည်မှာ သုံးသပ်သူအားလုံးသည် ဖော်ထုတ်ပြသမှုမပြုရန် သဘောတူညီချက် ချုပ်ဆိုထားပါသည်။

***သတိပြုရန်အချက်များ***

- Pact သည် ဤတောင်းခံမှုကို ဖျက်သိမ်းနိုင်ပြီး မည်သည့် ငွေကြေးထောက်ပံ့မှုမျှ မပြုလုပ်ခွင့် ရှိသည်။
- Pact သည် လက်ခံရရှိသော လျှောက်ထားမှု တစ်ခုခု သို့မဟုတ် အားလုံးကို ငြင်းပယ်နိုင်သည်။
- ဤတောင်းခံမှုကို ထုတ်ပြန်ခြင်းသည် Pact ၏ ဆုကတိကဝတ်ကို မပြဋ္ဌာန်းပေးပါ။
- မည်သည့် လျှောက်ထားမှုကိုမဆို တောင်းခံမှု၏ ညွှန်ကြားမှုများကို လျှောက်ထားသူမှ လိုက်နာရန်ပျက်ကွက်မှုပေါ်မူတည်၍ အရည်အသွေးမပြည့်မီကြောင်း Pact မှ ဆုံးဖြတ်ခွင့်ရှိသည်။
- လျှောက်ထားသူများ၏ တောင်းခံလွှာအပေါ် တုံ့ပြန်မှုအတွက် Pact မှ ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။
- Pact သည် ချီးမြှင့်မှုကို လျှောက်ထားမှု၏ ကနဦး အကဲဖြတ်မှုပေါ်မူတည်၍ ဆက်လက် ဆွေးနွေးခြင်းများ မပြုလုပ်ဘဲ ထုတ်ပေးရန် အခွင့်ရှိသည်။
- Pact သည် တောင်းခံမှု၏ လုပ်ဆောင်ချက်များပေါ်မူတည်၍ တောင်းခံမှု၏ လုပ်ဆောင်ချက် တစ်စိတ်တစ်ပိုင်းကိုသာ သို့မဟုတ် ချီးမြှင့်မှု အများအပြားကို ချီးမြှင့်မှုပြုလုပ်နိုင်သည်။

- Pact သည် ပြိုင်ဆိုင်မှုကို ပိုမိုမြှင့်တင်ရန် ဆုံးဖြတ်ရာတွင် ပြင်ဆင်နိုင်သော လျှောက်ထားမှု၏ သေးငယ်သော ချို့ယွင်းချက်များကို သက်ညှာပေးခွင့်ရှိသည်။
- Pact သည် ဤတောင်းခံမှုကို လျှောက်ထားမှုများမှ လျှောက်ထားသူများကို ဆက်သွယ်၍ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်၊ လိပ်စာတို့ကို အတည်ပြုရန် ဆက်သွယ်နိုင်သည်။
- Pact လျှောက်ထားသူကို အသိမပေးဘဲ ယခင် လုပ်ဆောင်မှုရည်ညွှန်းချက်များအရ စာရင်းပြုစုထားသူများကို ဆက်သွယ်နိုင်သည်။ Pact သည် လျှောက်ထားမှုစာရင်းတွင် မပါဝင်သော ယခင် လုပ်ဆောင်မှု သတင်းအချက်အလက် အရင်းအမြစ်များကိုလည်း ဆက်သွယ်ပိုင်ခွင့်ရှိသည်။
- လျှောက်လွှာပေးပို့ခြင်းအားဖြင့် လျှောက်ထားသူသည် စည်းကမ်းနှင့် သတ်မှတ်ချက်များကို နားလည်ကြောင်း အတည်ပြုသည်။
- သတိပြုရန်: ဆောက်လုပ်ရေး(အဆောက်အအုံများ၊ လမ်းများ၊ ရေတွင်းများ စသည်)တို့ကဲ့သို့သော သို့မဟုတ် စိုက်ပျိုးရေးကုန်စည်များ(ဟင်းချက်ဆီ၊ ရေနံ၊ စပါး၊ မျိုးစေ့ စသည်) အချို့ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများသည် USAID ၏ ထောက်ပံ့ငွေဖြင့်  ဤချီးမြှင့်မှုအောက်တွင် ဝယ်ယူမှု မပြုလုပ်နိုင်ပါ။ လျှောက်ထားသူသည် ၎င်းကုန်စည်များကို ၎င်းတို့၏ ကုန်ကျစားရိတ်ထည့်ဝင်မှုတွင် ထည့်သွင်းဖော်ပြနိုင်သော်လည်း USAID ၏ ငွေကြေးထောက်ပံ့မှုမှ တဆင့် ပေးအပ်လုပ်ဆောင်မှု မပြုနိုင်ပါ။